**Special Advisory Council for MYANMAR**

# မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးတစ်ခု ထူထောင်ခြင်း - အနှစ်ချုပ်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်။

## မြန်မာနိုင်ငံတွင် ရာဇဝတ်မှုကျူးလွန်သူများ အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမှုအား အဆုံးသတ်ရန် နိုင်ငံတကာအသိုင်းအဝိုင်းက မဖြစ်မနေ ပိုမို လုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာစစ်ခေါင်းဆောင်များမှ မြန်မာပြည်သူများအပေါ် ကျူးလွန်ခဲ့သော၊ ဆက်လက်ကျူးလွန်ဆဲဖြစ်သော ရက်စက်ကြမ်းကြုတ်မှုများအတွက် ယင်းတို့ တာဂုန်ခံမှုရှိစေရေး အရေးယူဆောင်ရွက်ရန် တောင်းဆိုလာခဲ့သည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်လာခဲ့ပြီ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းမှု အပြီး တာဝန်ခံမှုပိုမိုရှိလာစေရေးအတွက် နိုင်ငံတကာမှ ထောက်ခံအားပေးရန် တောင်းဆိုသံများ မြန်မာနိုင်ငံအတွင်း ပိုမိုကျယ်လောင်လာခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်းကမူ ယခုအချိန်အထိ လုပ်ဆောင်ပေးရန် ပျက်ကွက်လျက်ရှိသည်။ နိုင်ငံတကာ ရာဇဝတ်ခုံရုံးထူထောင်ခြင်းသည် မြန်မာပြည်သူ များ၏ တောင်းဆိုမှုများကို တုံ့ပြန်ဆောင်ရွက်ပေးသည့် လက်တွေ့ကျသော နည်းလမ်းတစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေရေးအတွက် လက်ဆုပ် လက်ကိုင်ပြနိုင်သော ဆောင်ရွက်ချက်များလည်းဖြစ်ကြပါသည်။

## တာဝန်ခံမှုရှိစေရေးအတွက် လိုအပ်ချက်မှာ အရေးပေါ်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစပြီး တိုင်းရင်းသားလူမျိုးများသည် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ၏ ကျူးလွန်ခံရသူများ ဖြစ်နေကြရကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားများက ကောက်ချက်ချခဲ့သည်။ ယင်းတို့တွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများအထိ ဖြစ်နိုင်သည့် ရာဇဝတ်မှုများအား စစ်တပ်က ကျူးလွန်ခဲ့သော ကာလ အတောအတွင်းဖြစ်သည့် မကြာသေးသော ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် စစ်တပ်က ရိုဟင်ဂျာများအပေါ် အကြမ်းဖက် စစ်ဆင်ရေးများ ထပ်တလဲလဲ ဆင်နွဲမှုများလည်း ပါဝင်ပါသည်။ ၂၀၂၁ ခုနှစ်မှစ၍ မြန်မာပြည်သူတစ်ရပ် လုံးအပေါ်တွင် စစ်တပ်၏ အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို စစ်တပ်က ထပ်မံကျူးလွန်ခဲ့ကြောင်းနှင့် ပိုမိုဆိုးရွားလာနေကြောင်း ကောက်ချက်ချရန် ခိုင်လုံသော အကြောင်းပြချက်များစွာရှိသည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့အစည်းအရေအတွက် သိသာထင်ရှားစွာ များပြားလာသည်နှင့်အမျှ ယင်းကြောင့် ပြစ်မှုကျူးလွန်လာနိုင်သူအရေအတွက်လည်း အလားနီးတူ များပြားလျက်ရှိသည်။

## မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ရေးစနစ်သည် အဆိုပါ နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသူများအား မျက်မှောက်အချိန်တွင် တရားစွဲဆိုနိုင် စွမ်း မရှိသလို တရားစွဲဆိုရန် ဆန္ဒလည်း မရှိပေ။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အား စစ်အာဏာရှင်များက နှစ်ပေါင်းများစွာ အကြီးအကျယ်ဖျက်ဆီးထားခဲ့ကြပြီး တရား မျှတသော တရားစီရင်မှုများ ဖြစ်မြောက်မှုမရှိစေရန် လုပ်ဆောင် ထားခဲ့သည်။ စစ်တပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ကြား ညွန့်ပေါင်းအစိုးရကာလအတွင်း တရားရေး ကဏ္ဍတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ရရှိခဲ့ သော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု လုံလောက်စွာမရှိခဲ့ပေ။ ၂၀၂၁ ခုနှစ်မှစ၍ စစ်တပ်သိမ်းပိုက်ထားသော နယ်မြေများရှိ တရားရုံးများသည် လွတ်လပ်မှုမရှိသလို၊ ဥပဒေ ဆိုင်ရာ လုပ်ပိုင်ခွင့်မရှိဘဲ လည်ပတ်နေကြသည်။ တော်လှန်ရေးအဖွဲ့များက ထိန်းချုပ်ထားသော မြန်မာနိုင်ငံ၏ ဒေသများရှိ တရားရုံးများသည် အရင်းအမြစ်နည်းပါးနေပြီး စွမ်းဆောင်ရည်နှင့် အခြား ပြင်းထန်သော အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။ စစ်တပ်တွင် တပ်တွင်း လျှို့ဝှက်တရားစီရင်ရေးစနစ်ရှိသောကြောင့် ၎င်း၏ စစ်မှုထမ်းများကို တရားစွဲဆိုမည် ဆိုပါက လူသိရှင်ကြား ပွင့်လင်းမြင်သာမှုမရှိဘဲ စစ်ခုံရုံးများ၌ လျှို့ဝှက်စွာ တရားစွဲဆိုခံရသည်။ ဤအခြေအနေအတွက် နိုင်ငံ တကာဖြေရှင်းမှုတစ်ခု လိုအပ်နေသည်။

## နိုင်ငံတကာ ရာဇဝတ်ခုံရုံးသည် တရားမျှတမှု အတွက် မြန်မာနိုင်ငံမှ တောင်းဆိုချက်များနှင့် ကိုက်ညီနေသည်။

စစ်တပ် - NLD ညွန့်ပေါင်းအစိုးရသည် နိုင်ငံတကာ တရားမျှတမှု ပိုမိုတိုးတက်မှုရှိလာစေရန် မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂ၏ ယခင်ကြိုးပမ်းမှုများကို ဆန့်ကျင်ခဲ့သည်။ ယခု လက်ရှိအခြေအနေသည် ပြောင်းလဲသွားပြီဖြစ်သည်။ မြန်မာ နိုင်ငံ၏ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) သည် တိုးမြှင့်လာလျက်ရှိသည့် မြန်မာလူထု၏ တောင်းဆိုမှုများကို တုံ့ပြန်လျက်ရှိပြီး နိုင်ငံတကာယန္တရားများမှ တဆင့် တာဝန် ခံမှုမြှင့်တင်လာစေရန် အစီအမံများအား လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများ၏ ပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှု တို့ဖြင့် နိုင်ငံတကာခုံရုံးတစ်ခုကို ဖွဲ့စည်းထူထောင်နိုင်ပြီး တရားမျှတရေး ပိုမို ဖြစ်မြောက် လာနိုင်မည်ဖြစ်သည်။

## နိုင်ငံတကာ ရာဇဝတ်ခုံရုံးသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များ ၊အကြံပြုချက်များနှင့် ကိုက်ညီမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့များ၊ အထူးသဖြင့် လူ့အခွင့်အရေးကောင်စီ သာမက အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့မှလည်း မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် တာဝန်ခံမှုရှိရန် အဖန်တလဲလဲ တောင်းဆိုထားသည်။ လွတ်လပ်သော နိုင်ငံတော်အဆင့် သို့မဟုတ် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး ယန္တရားများမှ တဆင့် နိုင်ငံတကာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ရှိသည့် ပုဂ္ဂိုလ်များကို တာဝန်ခံမှုရှိစေရေး လိုအပ်ကြောင်းကို အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး အထွေထွေ ညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့က အတည်ပြုခဲ့သော မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များတွင် အလေးပေး ဖော်ပြခဲ့သည်။ နိုင်ငံတကာခုံရုံးသည် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး ယန္တရားဖြစ်သောကြောင့် ကုလသမဂ္ဂ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် ကိုက်ညီလျက်ရှိသည်။

## နိုင်ငံတကာအသိုက်အဝန်းသည် မြန်မာနိုင်ငံတွင် တရားမျှတမှု ရရှိရန် ဆောင်ရွက်ချက်များအား လုပ်ဆောင်လျက်ရှိသည်။

လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ် သော စုံစမ်းစစ်ဆေးရေးယန္တရား (IMM) ကို ၂၀၁၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ IIMM ၏ လုပ်ပိုင်ခွင့်မှာ ၂၀၁၁ ခုနှစ်က တည်းက မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော အဆိုးရွားဆုံးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှု များ၏ အထောက်အထားများကို စုဆောင်းရန်၊ စုစည်းရန်၊ ထိန်းသိမ်းရန်နှင့် စီစစ်သုံးသပ်ရန်ဖြစ်သည်။ သို့သော်လည်း IIMM သည် တရားစွဲဆိုမှု လုပ်ဆောင်နိုင်သည့် အစုအဖွဲ့တစ်ခုမဟုတ်ပေ။

၂၀၁၆ ခုနှစ်မှ ရိုဟင်ဂျာများ အဓမ္မနှင်ထုတ်ခံရမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) ၏ တရားလိုရှေ့နေသည် ဘင်္ဂလားဒေ့ရှ်/မြန်မာနိုင်ငံ၏ အခြေအနေနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်လျက်ရှိသည်။ ယင်းစုံစမ်းစစ်ဆေးမှုသည် တာဂန်ခံမှုရှိစေရေးသို့ ဦးတည်သည့် အခြေအနေတိုးတက်လာမှုပင်ဖြစ်သည်။ သို့သော်လည်း ဖြစ်နိုင်ခြေရှိသော လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဂတ်မှုများ သာမက မြန်မာနိုင်ငံတစ်ဝှမ်း ဆယ်စုနှစ်များစွာ ကျူးလွန်ခဲ့သော အလွန်ကြီးလေးသည့် ရာဇဂတ်မှုများ အားလုံး၏ ထုထည်တစ်ခုလုံးအား ယင်းစုံစမ်းစစ်ဆေးမှုတွင် မကာမိသေးပေ။ ICC သည် မြန်မာနိုင်ငံအပေါ် အပြည့်အဝ စီရင်ပိုင်ခွင့် ရှိသည်ဟု SAC-M က ရှုမြင်ပါသည်။ ဤသို့ စီရင်ပိုင်ခွင့်ရှိသည်ဟူ၍ တရားလိုရှေ့နေကမူ အရေးယူလုပ်ဆောင်မှု မရှိသေးပေ။ မြန်မာနိုင်ငံအပေါ် တရားစီရင် ပိုင်ခွင့်ရရှိရန် ICC အတွက် အခြားနည်းလမ်းများလည်း ရှိနေဆဲ ပင်ဖြစ်သည်။ SAC-M ၏ အနှစ်ချုပ်စာတမ်း - မြန်မာနိုင်ငံနှင့် အပြည့်ပြည့်ဆိုင်ရာ ရာဇဂတ်ခုံရုံးကို ကြည့်ပါ။

ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်အရ နိုင်ငံများသည် နိုင်ငံတကာရာဇဂတ်မှုများကို တရားစွဲဆိုပိုင်ခွင့်ရှိသည်ဖြစ်ပြီး ယင်း ရာဇဂတ်မှုများသည် ယင်းနိုင်ငံများ၏နယ်မြေအတွင်း မဖြစ်ပွားခဲ့ ရုံသာမက ယင်းတို့၏နိုင်ငံသားများက အကျူးလွန်ခံရသူများ သို့မဟုတ် ကျူးလွန်သူများအဖြစ် မပါဝင်လျှင်ပင် နိုင်ငံတကာ အသိုက်အဝန်းတစ်ခုလုံးနှင့် သက်ဆိုင်သောကြောင့် တရားစွဲဆိုနိုင်သည်။ မကြာသေးမီနှစ် များအတွင်း ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်အရ အာဂျင်တီးနားနှင့် တူရကီနိုင်ငံများမှ စွဲဆိုမှု အပါအဝင် မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုခင်းများနှင့်ပတ်သတ်သည့် စီရင် ဆုံးဖြတ်ခဲ့သည့် အမှုအခင်းအများအပြား ရှိနေခဲ့ပြီးဖြစ်သည်။

ဤယန္တရားများနှင့် အမှုအခင်းများသည် မြန်မာနိုင်ငံရှိ ထိခိုက်နစ်နာသူများအတွက် တရားမျှတမှုရရှိရေးတွင် သိသာထင်ရှားသော တိုးတက်မှုပင်ဖြစ်ပါသည်။ သို့သော်လည်း ပိုမိုလုပ်ဆောင်နိုင်သေးသည်၊ မလွဲမသွေ ဆက်လက် လုပ်ဆောင်ရဦးပေမည်။

## မြန်မာနိုင်ငံအတွက် သင့်လျော်မည့်အရာများကို ထည့်သွင်းစဉ်းစားရန်၊ နိုင်ငံတကာခုံရုံးများ ထူထောင်ခဲ့သည်နှင့် ထူထောင်နိုင်မည့် နည်းလမ်းအသွယ်သွယ်ကို ရှာဖွေဖော်ထုတ်ခြင်းသည် အကျိုးရှိသည်။

လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်အရ ယခင်ယူဂိုဆလားဗီးယားနိုင်ငံ ဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTY) ကို တည်ထောင်ခဲ့ပြီး ရဝမ်ဒါ၏ တောင်းဆိုချက်အရ ရဝမ်ဒါနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTR)ကိုလည်း ထူထောင်ခဲ့သည်။ ခုံရုံးနှစ်ခုစလုံးတွင် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် နိုင်ငံတကာဥပဒေအရ သတ်မှတ်ထားသော ရာဇဝတ်မှုများကို စီရင်ပိုင်ခွင့်ရှိ၍ တရားသူကြီးများ အပါအဝင် နိုင်ငံတကာ ဝန်ထမ်းများလည်း ရှိကြပြီး ၎င်းတို့မှာ ယူဂိုဆလားဗီးယား သို့မဟုတ် ရဝမ်ဒါနိုင်ငံ သားများမဟုတ်ကြပေ။ ဆီယာရာလီယွန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့စဉ်ကာလအတွင်း ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများအား စစ်ဆေးရန် "ပေါင်းစပ်ခုံရုံးများ" ဟုခေါ်သည့် တရားရုံးများ ရှိခဲ့သည်။ ယင်းခုံရုံးများကို ကုလသမဂ္ဂနှင့် သက်ဆိုင်ရာနိုင်ငံ တို့အကြား စေ့စပ်ညှိနှိုင်းထားသည့် သဘောတူစာချုပ်ဖြင့် ထူထောင်ခဲ့သည်။ ဤခုံရုံးများသည် နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ ဝန်ထမ်းများနှင့် တရားသူကြီး များကို ပေါင်းစပ်အသုံးပြုခဲ့ကြသည်။

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အပြီး ထူထောင်ထားသော ခုံရုံးများကို စစ်အောင်နိုင်သည့် နိုင်ငံများအကြား စာချုပ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နိုင်ငံများအကြား သဘောတူစာချုပ်ဖြင့် ဖွဲ့စည်းထူထောင်ထားသော အထူးခုံရုံးဆိုင်ရာ နှင့် စပ်လျဉ်းသောများမကြာသေးမီက နမူနာ တစ်ခုမှာ ၁၉၈၀ ခုနှစ်များအတွင်း ချဒ်နိုင်ငံတွင် ကျူးလွန်ခဲ့ သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အာဖရိကသမဂ္ဂနှင့် ဆီနီဂေါနိုင်ငံတို့အကြား စာချုပ်ချုပ်ဆိုပြီး ဖွဲ့စည်းထားသည့် အာဖရိက အထူးတရားခွင် (EAC) ဖြစ်သည်။ ICC မှာလည်း စာချုပ်အခြေခံသည့် တရားရုံးတစ်ခု ဖြစ်သည်။ သို့ရာတွင် အခြားစာချုပ် အခြေခံခုံရုံးအများစုနှင့် မတူဘဲ၊ ၎င်း၏ တရားစီရင်ပိုင်ခွင့်သည် သီးခြားသတ်မှတ်ထားသော ကာလအပိုင်း အခြား သို့မဟုတ် သီးခြားသတ်မှတ်ထားသော အခြေအနေ တစ်ခု အတွင်း ဟူ၍ ကန့်သတ်ထားခြင်းမရှိသလို အချိန်အကန့်အသတ်လည်း မရှိပေ။

အထွေထွေညီလာခံသည် ၁၉၄၉ ခုနှစ်တွင် ကုလသမဂ္ဂ အုပ်ချုပ်ရေးဆိုင်ရာခုံရုံး (UNAT) ကို တည်ထောင်ခဲ့သည်။ UNAT သည် ရာဇဝတ်မှုဆိုင်ရာခုံရုံးမဟုတ်သော်လည်း ကုလသမဂ္ဂ နှင့် (ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံလုံး ပါဝင်သည့်) အထွေထွေညီလာခံ တို့နှင့်ပတ်သက်သော စည်းနှောင်မှုရှိသော စီရင်ချက်များကို ထုတ်ပြန်သည့် လွတ်လပ်သော တရားစီရင်ရေး အစုအဖွဲ့တစ်ခု ဖြစ်သည်။ အထွေထွေညီလာခံသည် ၎င်း၏ "ငြိမ်းချမ်းရေးအတွက် စုစည်းညီညွတ်ခြင်း" ဟူသော လုပ်ထုံးလုပ်နည်းအရ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် သို့မဟုတ် ပြန်လည်ထူထောင်ရန် ကုလသမဂ္ဂအဖွဲ့များအနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်မှုဆောင်ရွက်မှုများ ပြုလုပ်ကြပါဟူ၍ အကြံပြုနိုင်သည်။ ဤလုပ်ထုံးလုပ်နည်းအရ အထွေထွေညီလာခံသည် UNAT ကို ထူထောင်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းစဉ်ကို အသုံးပြု၍ နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို ဖန်တီးနိုင်သည်။

လူ့အခွင့်အရေးကောင်စီသည် အထွေထွေညီလာခံ၏ လက်အောက်ခံ အဖွဲ့ခွဲ တစ်ခုဖြစ်သည်။ ကျယ်ပြန့်ပြီး စနစ်တကျ ကျူးလွန်သည့် ချိုးဖောက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် လူ့အခွင့်အရေးကောင်စီသည် ၎င်း၏လုပ်ပိုင်ခွင့်အောက်တွင် နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို ထူထောင်နိုင်သည်။

## မြန်မာနိုင်ငံအတွက် အဆိုပြုခြင်းတစ်ခု။

ယခင် နိုင်ငံတကာခုံရုံးများအပြင် မြန်မာနိုင်ငံ၏ တစ်မူထူးနေသော ဆက်စပ်စဥ်းစားရမည့် အကြောင်းအရာ အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းဖြင့် နိုင်ငံတကာရာဇဝတ်ခုံရုံးတစ်ခုကို အောက်ပါ အခြား နည်းလမ်းများဖြင့် ထူထောင်နိုင်သည် -

- မြန်မာနိုင်ငံကိုယ်စားပြု NUG သည် အထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီကို အထူးခုံရုံးဖွဲ့ရန် တောင်းဆိုနိုင်သည်။ ယင်းအစုအဖွဲ့တစ်ခုခုက (က) ခုံရုံး တည်ထောင်ရာတွင် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့ အကြား နှစ်ဖက်သဘောတူစာချုပ်တစ်စောင်အား ညှိနှိုင်းချုပ်ဆိုရန် အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုနိုင်သည် သို့မဟုတ် (ခ) ခုံရုံးဖွဲ့စည်းခြင်းဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။
- လူ့အခွင့်အရေးကောင်စီသည် အထူးခုံရုံးတစ်ခု ဖန်တီးနိုင်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခြင်းအားဖြင့် IMM ၏ လုပ်ပိုင်
- ခွင့်ကို တိုးမြှင့်ကျယ်ပြန့်စေနိုင်ပြီး ၎င်းတွင် ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို တရားစွဲဆိုမည့် အထူးခုံရုံးတစ်ခု ဖန်တီးနိုင်မည်ဖြစ်သည်။
- အထွေထွေအတွင်းရေးမှူးချုပ် အနေဖြင့် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံကြား အထူးခုံရုံးထူထောင်ရန် နှစ်ဖက် သဘောတူစာချုပ်ကို ညှိနှိုင်းဆွေးနွေးပေးဖို့ အလို့ငှာ တောင်းဆိုရန်

အတွက် NUG သည် အထွေထွေအတွင်းရေးမှူးချုပ်ထံ တိုက်ရိုက် စာရေးသားပေးပို့နိုင်သည်။ ဤလုပ်ဆောင်ချက်ကို အားပေးထောက်ခံကြသည့် နိုင်ငံများကလည်း ၎င်းတို့ အနေဖြင့် ထောက်ခံကြောင်း ဖော်ပြလျက် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ စာရေးသားပေးပို့နိုင်ပါသည်။

- NUG သည် အာဆီယံ နှင့် အခြားထောက်ခံ အားပေးသည့် နိုင်ငံများနှင့်အတူ ကုလသမဂ္ဂစနစ်ပြင်ပ တွင် ခုံရုံးတစ်ခု တည်ထောင်ရန် သဘောတူစာချုပ်တစ်ခု ကို ချုပ်ဆိုနိုင်သည်။

မည်သို့သော နည်းလမ်းဖြင့် ထူထောင်ထားသည်ဖြစ်စေ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာခုံရုံးတစ်ခုအတွက် အချို့သောစံသတ်မှတ်ချက်များမှာ မရှိမဖြစ်လိုအပ်သည်။ ယင်းထူထောင်ထားသည့် ခုံရုံးသည် -

၁ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ကတည်းက မြန်မာနိုင်ငံ တွင် စတင်ဖြစ်ပွားခဲ့သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများကို တရားစီရင်ပိုင်ခွင့်အာဏာရှိရမည်။ မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေကို အသုံးပြုရန် အကြံမပြုပါ။

၂ နိုင်ငံတကာ တရားသူကြီးများနှင့် တရားလို ရှေ့နေများ ပါဝင် ရမည်။ မြန်မာတရားသူကြီးများစွာ၏ လွတ်လပ်မှု နှင့် သမာသမတ်ကျမှုသည် သမိုင်းကြောင်းအရ ကင်းမဲ့ခဲ့သောကြောင့် မြန်မာ တရားသူကြီးများသည် နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ တစိတ်တဒေသဖြစ်လာရန် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစံနှုန်းများအရ ကိုက်ညီမှု ရှိမည်မဟုတ်ပေ။

၃ မြန်မာနိုင်ငံပြင်ပတွင် ဖွဲ့စည်းရမည်ဖြစ်ပြီး မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်နှင့် သက်ဆိုင်မှုမရှိစေရ။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို အကာအကွယ်ပေးရန် အပြင် ခုံရုံးသည် လွတ်လပ်၍ သမာသမတ်ကျကာ တရားမျှတမှု နှင့် တရားဥပဒေစိုးမိုးမှုနှင့်အညီ လည်ပတ် နိုင်ရန် အတွက် နှင့် မြန်မာစစ်တပ်၏ ဝင်ရောက်စွက်ဖက်လာနိုင်ခြင်းမှ ကင်းဝေးကွာစေရန်အလို့ငှာ လိုအပ်သည်။

## စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ

- မြန်မာနိုင်ငံပြင်ပတွင် နိုင်ငံတကာရာဇဝတ်ခုံရုံးအတွက် သင့်တင့်လျောက်ပတ်သော တည်နေရာကို ဖော်ထုတ် သတ်မှတ်ခြင်း။
- မြန်မာစစ်တပ်၏ ဆက်လက်ကျူးလွန်နေသော အကြမ်းဖက်မှုများကြောင့် စုံစမ်းစစ်ဆေးရေးမှူးများအတွက် သက်သေအထောက်အထားများ စုဆောင်းခြင်း။
- ကျူးလွန်သူများအား ဖမ်းဆီးခြင်း၊ ယင်းတွင် အထူးသဖြင့် စစ်မြေပြင်တွင် မရှိပေသော်လည်း စွပ်စွဲထားသည့် ရာဇဝတ်မှုများအတွက် အကြီးမားဆုံးတာဝန်ရှိသည့် စစ်တပ်ခေါင်းဆောင်အကြီးပိုင်းများ ကိုဖမ်းဆီးခြင်း။
- လုံခြုံရေးကောင်စီမှသာ အာဏာတည်အကျိုးသက်ရောက်စေနိုင်သည့် ဆုံးဖြတ်ချက်ချနိုင်သောကြောင့် ခုံရုံး၏ စီရင်ဆုံးဖြတ်ချက်များအား အာဏာတည်အကျိုးသက်ရောက်စေခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သည်။ သို့ပေသော်ငြား NUG သည် ပြစ်မှုကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန် ကြိုးပမ်းနေသောကြောင့် ဤစိန်ခေါ်မှုမှာ လျော့နည်းသွားပါသည်။
- ငွေကုန်ကြေးကျများမည့် ခုံရုံးအား ငွေကြေးထောက်ပံ့ခြင်း။
- နိုင်ငံရေးဆန္ဒရှိခြင်း။ နိုင်ငံတကာရာဇဝတ်ခုံရုံး ထူထောင် ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ နောက်ဆုံးတွင် အပြောသက်သက်မဟုတ်ဘဲ လက်တွေ့အရေးယူ ဆောင်ရွက်မှုများ ဖြစ်လာစေရန် လိုအပ်သည့်လုပ်ဆောင်ချက် ဖြစ်သည်။

အစီရင်ခံစာအပြည့်အစုံကို ဤနေရာတွင် ဖတ်ရှုပါ - ဤနေရာကို ကလစ်နှိပ်ပါ။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းမှုအား လက်တုံ့ပြန်သည့်အနေဖြင့် မြန်မာပြည်သူများ၏ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ခံမှု တို့အတွက် တိုက်ပွဲဝင်ရာတွင် ကူညီပံ့ပိုးရန် တညီတညွတ်တည်း လာရောက်ပူးပေါင်းခဲ့ကြသည့် လွတ်လပ်သော နိုင်ငံတကာ ကျွမ်းကျင်သူများအဖွဲ့တစ်ခုဖြစ်သည်။ SAC-M နှင့် ကျွန်ုပ်တို့၏ လုပ်ငန်းအသေးစိတ်အချက်အလက်များအား သိရှိလိုပါက https://specialadvisorycouncil.org/ တွင် ဝင်ရောက်ကြည့်ရှုပါ။